


Call:
1-888-API-VOTE
(274-8683)
Bilingual assistance is available in English, Mandarin (普通話/普通话), Cantonese (廣東話/广东话), Korean (한국어), Vietnamese (Tiếng Việt), Tagalog, Urdu (اردو), Hindi (हिन्दी), and Bengali (বাংলা).

ASIAN AMERICANS ADVANCING JUSTICE AAJC

ASIA ASIAN SERVICES IN ACTION

# မဲပေးဖို့ အသင့်ဖြစ်ပြီလား- အိုဟိုင်းယိုး ပြည်နယ်သူ၊ ပြည်နယ်သားတို့ရေ။

2020 ခုနှစ်၊ အောက်တိုဘာလ 13 ရက်၊ အင်္ဂါနေ့တွင် မွမ်းမံပြင်ဆင်ခဲ့သည်

<u>2020 ခုနှစ်၊ နိုဝင်ဘာလ 3 ရက်၊ အင်္ဂါနေ့တွင် ရွေးကောက်ပွဲကို ကျင်းပမည် ဖြစ်ပါသည်</u>

**မဲပေးသည့်အခါ သင့်အနေဖြင့်-**

☑ အင်္ဂလိပ်ဘာသာစကားပိုင်းတွင် အခက်အခဲရှိပါက မဲပေးရန် ကန့်သတ်ထားသော ရုံငယ်ထဲတွင် သင့်ကို ကူညီမဲပေးရန် သင်နှစ်သက်သူ တစ်စုံတစ်ဦးကို ခေါ်လာခွင့် ရှိပါသည်။

☑ အချို့နေရာများတွင် အစိုးရထံမှ ဘာသာစကား အကူအညီ ရရှိပိုင်ခွင့် ရှိပါသည်။

☑ အခြားသူများ၏ ခြိမ်းခြောက်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်း မခံရဘဲ မဲပေးပိုင်ခွင့် ရှိပါသည်။

- ➢ မဲရုံများတွင် ခြိမ်းခြောက်ခြင်း သို့မဟုတ် ခွဲခြားဆက်ဆံခြင်းသည် သင့်ကို အနှောင့်အယှက်ပြုခြင်း သို့မဟုတ် သင်၏မဲပေးပိုင်ခွင့်ကို ပိတ်ပင်ခြင်းနှင့် တူသည် သို့မဟုတ် သင့်မျိုးနွယ်ကြောင့် သင်သည် နိုင်ငံသားမဟုတ်ဟုဆိုသည့် မှားယွင်းသော ခေါက်ရိုးကျိုး ပုံစံအောက်တွင် သင့်မဲပေးပိုင်ခွင့်ကို စိန်ခေါ်သည်နှင့် တူနိုင်သည်။

## အိုဟိုင်းယိုးပြည်နယ်တွင် မဲပေးနိုင်သည့်သူ

- အမေရိကန် နိုင်ငံသား၊
- သင်သည် နောက်လာမည့် အထွေထွေရွေးကောက်ပွဲနေ့တွင် သို့မဟုတ် ထိုနေ့မတိုင်မီတွင် အနည်းဆုံး အသက် 18 နှစ် ပြည့်ပြီးဖြစ်လျှင်။ (သင်သည် အထွေထွေရွေးကောက်ပွဲတွင် သို့မဟုတ် ရွေးကောက်ပွဲမတိုင်မီတွင် 18 နှစ် ပြည့်မည်ဆိုပါက ကိုယ်စားလှယ်လောင်းများကို ရွေးချယ်သတ်မှတ်မည့် အခြေခံရွေးကောက်ပွဲတွင် မဲပေးနိုင်သော်လည်း အသက် 18 နှစ်မပြည့်မချင်း ပြဿနာရပ်များ သို့မဟုတ် ပါတီဗဟိုပြု ကော်မတီများအတွက် မဲပေးနိုင်မည်မဟုတ်ပါ)၊
- သင်မဲပေးလိုသည့် ရွေးကောက်ပွဲ မတိုင်မီ သင်သည် အိုင်ဟိုင်းယိုးပြည်နယ်တွင် အနည်းဆုံး ရက် 30 ကြာ နေထိုင်သူတစ်ဦး ဖြစ်ရပါမည်၊
- အမေရိကန်နိုင်ငံ သို့ မဟုတ် အမေရိကန်နိုင်ငံ ပြည်နယ်တစ်ခုခုတွင် ရာဇဝတ်မှုကျူးလွန်ဖြစ် ထောင်ကျနေသူများ မဲပေးပိုင်ခွင့်မရှိပါ
- သင်သည် မဲပေးရန် ကိစ္စရပ်များအတွက် သတ်မှတ်ချက် မပြည့်မီကြောင်း သေတမ်းစာ အတည်ပြု တရားရုံးက ကြေညာထားခြင်းမရှိလျှင်၊ ယင်းအပြင်
- သင်သည် ရွေးကောက်ပွဲ ဥပဒေများကို ချိုးဖောက်သည့်အတွက် သင်၏ နိုင်ငံသားအခွင့်အရေးကို အပြီးပိုင် ရုပ်သိမ်းခံထားရခြင်း မရှိလျှင်။
- သင်သည် ဤပြည်နယ်တွင် သင့်တင့်လျောက်ပတ်စွာ စာရင်းသွင်းပြီးနောက် ရက် 30 အတွင်း သင်မဲပေးရမည့် နယ်နိမိတ်တွင် ကျင်းပသော ရွေးကောက်ပွဲများတွင် မဲပေးရန် သတ်မှတ်ချက်ပြည့်မီလျှင်။ ထိုရက် 30 ကာလအတွင်း သင်သည် ပျက်ကွက်မဲကို တောင်းဆိုနိုင်ပါသည်။

***<u>သင်သည် လျှို့ဝှက်မဲပေးရန်အတွက် စာရင်းသွင်းထားရပါမည်။</u>***

## အဓိက ရက်စွဲများ

- တနင်္လာနေ့၊ အောက်တိုဘာလ 5 ရက် - မဲပေးရန် စာရင်းသွင်းရမည့် နောက်ဆုံးအချိန်။
- အင်္ဂါနေ့၊ အောက်တိုဘာလ 6 ရက် - ကြိုတင်မဲပေးခြင်း စတင်သည့်ရက်။
- သောကြာနေ့၊ အောက်တိုဘာလ 23 ရက် - မဲပေးသူများအနေဖြင့် ၎င်းတို့၏ ပျက်ကွက်မဲကို ရရှိရန်နှင့် ပြန်ပေးရန်အတွက် အချိန်အလုံအလောက် ရစေရန် ထိုနေ့မတိုင်မီတွင် ပျက်ကွက်မဲများကို လျှောက်ထားရန် အကြံပြုထားသည်။
- အင်္ဂါနေ့၊ နိုဝင်ဘာလ 3 ရက် - ရွေးကောက်ပွဲနေ့။ မဲပေးရမည့် နေရာတွင် လူကိုယ်တိုင် သွားရောက်မဲပေးပါ သို့မဟုတ် သင့်ပျက်ကွက်မဲတွင် ထိုနေ့ရက်စွဲဖြင့် တံဆိပ်နှိပ်ထားကြောင်း သေချာပါစေ။

## မဲပေးသူ စာရင်းသွင်းခြင်း- သင် စာရင်းသွင်းထားပါသလား။

- သင်သည် ယခင်က မဲပေးရန် စာရင်းသွင်းဖူးပါသလား။
  - သွင်းဖူးပါသည်
    - သင်ယခုနေသည့် နေရာတွင် စာရင်းသွင်းထားဆဲဖြစ်ကြောင်း အတည်ပြုပါ- https://voterlookup.ohiosos.gov/voterlookup.aspx
    - သင်သည် စာရင်းသွင်းထားခြင်း မရှိတော့ပါက ယနေ့ပင် စာရင်းပြန်သွင်းလိုက်ပါ- https://olvr.ohiosos.gov/NCOA/NCOA
    - သင်သည် မှန်ကန်သောလိပ်စာဖြင့် စာရင်းသွင်းမထားပါက သင့်စာရင်းသွင်းမှုကို မွမ်းမံပြင်ဆင်ပါ- https://olvr.ohiosos.gov/NCOA/NCOA
  - မသွင်းဖူးပါ
    - ယနေ့ပင် စာရင်းသွင်းလိုက်ပါ။
      - အွန်လိုင်း- https://olvr.ohiosos.gov/NCOA/NCOA
        - သင်လိုအပ်မည့် အရာများမှာ-
          - အိုဟိုင်းယိုးပြည်နယ် ယာဉ်မောင်းလိုင်စင် သို့မဟုတ် အိုဟိုင်းယိုးပြည်နယ် မှတ်ပုံတင်ကတ်နံပါတ်
          - အမည်
          - မွေးသက္ကရာဇ်
          - လိပ်စာ
          - သင့်လူမှုဖူလုံရေးနံပါတ်၏ နောက်ဆုံးဂဏန်းလေးလုံး
      - မေးလ်-
        - သင့်တွင် လိုအပ်သော အချက်အလက်များ တစ်စုံတစ်ရာ မရှိပါက ဤလင့်ခ်ကို နှိပ်ပြီး ကျွန်ုပ်တို့၏ စာရွက်ဖောင်ပုံစံ (PDF) အသုံးပြု၍ သင်၏ မဲပေးရန်လိပ်စာကို မွမ်းမံပြင်ဆင်ပါ။ ဤဖောင်ပုံစံတွင် ဖြည့်စွက်ပြီးသည်နှင့် လက်မှတ်ရေးထိုး၍ ၎င်းကို သင်၏ ရွေးကောက်ပွဲဆိုင်ရာ ကောင်တီဘုတ်အဖွဲ့ထံ ပေးပို့ရမည်။
        - နိုင်ငံသားဆိုင်ရာ စာတိုက်မှတစ်ဆင့် မဲပေးသူ စာရင်းသွင်းခြင်း ဖောင်ပုံစံကို အသုံးပြုခြင်း- https://www.eac.gov/voters/national-mail-voter-registration-form
          - နိုင်ငံသားဆိုင်ရာ စာတိုက်မှတစ်ဆင့် မဲပေးသူ စာရင်းသွင်းခြင်း ဖောင်ပုံစံကို အမေရိကန် နိုင်ငံသားများ မဲပေးရန် စာရင်းသွင်းရာတွင်ဖြစ်စေ၊ အမည်၊ လိပ်စာပြောင်းလဲသွား၍ စာရင်းသွင်းမှု အချက်အလက်များကို မွမ်းမံပြင်ဆင်ရာတွင်ဖြစ်စေ၊ နိုင်ငံရေးပါတီတစ်ခုဖြင့် စာရင်းသွင်းရာတွင်ဖြစ်စေ အသုံးပြုနိုင်ပါသည်။
          - သင့်ပြည်နယ်အတွက် ဖော်ပြထားသော ပြည်နယ်ဆိုင်ရာ သတ်မှတ်ထားသည့် ညွှန်ကြားချက်များကို လိုက်နာရပါမည်။ ၎င်းတို့သည် ဖောင်ပုံစံ၏ စာမျက်နှာ 3 တွင် စတင်ပြီး

    ပြည်နယ်အလိုက် အက္ခရာများစီ၍ ဖော်ပြထားသည်။ ထိုဖောင်ပုံစံတွင် ဖြည့်စွက်ပြီးနောက် ညွှန်ပြထားသော နေရာတွင် သင့်အမည်ကို လက်မှတ်ထိုးပြီး သင့်ပြည်နယ် သို့မဟုတ် ဒေသတွင်း ရွေးကောက်ပွဲကော်မရှင်ရုံးသို့ ဆက်လက်ဆောင်ရွက်ရန် ပေးပို့ရပါမည်။ သင်သည် ၎င်းကို စာအိတ်ထဲထည့်၍ စာပို့ခကို အသင့်အတင့် အကုန်အကျခံကာ စာတိုက်မှ ပို့ရမည်ဖြစ်သည်။
    - ဖောင်ပုံစံကို ဘာသာစကား 15 မျိုးဖြင့် ဒေါင်းလုဒ်လုပ်ပါ-
        - နိုင်ငံသားဆိုင်ရာ စာတိုက်မှတစ်ဆင့် မဲပေးသူ စာရင်းသွင်းခြင်း ဖောင်ပုံစံ-အင်္ဂလိပ်ဘာသာ
        - طلب تسجيل الناخب - အာရပ်ဘာသာ
        - জাতীয় ডাক ভোটার নিবন্ধন ফরম - ဘင်္ဂါလီဘာသာ
        - 国家邮件选民登记表 - တရုတ်ဘာသာ
        - Inscription sur les listes électorales - ပြင်သစ်ဘာသာ
        - Aplikasyon Enskripsyon Elektè - ဟေတီဥရောပဘာသာ
        - राष्ट्रीय डाक मतदाता पंजीकरण फॉर्म - ဟင်ဒီဘာသာ
        - 国立メール有権者登録フォーム - ဂျပန်ဘာသာ
        - ទម្រង់បែបបទនៃការចុះឈ្មោះអ្នកបោះឆ្នោតថ្នាក់ជាតិ - ခမာဘာသာ
        - 전국 우편 유권자 등록 양식 - ကိုရီးယားဘာသာ
        - Solicitação para cadastro de eleitor - ပေါ်တူဂီဘာသာ
        - Заявка на регистрацию избирателя - ရုရှားဘာသာ
        - Formulario nacional de inscripción de votantes - စပိန်ဘာသာ
        - National Mail Form ng Pagpaparehistro ng Botante - တဂါးလော့ဘာသာ
        - Mẫu đăng ký quốc gia Thư cử tri - ဗီယက်နမ်ဘာသာ

## စာတိုက်မှတစ်ဆင့် မဲပေးခြင်း(VBM)/ပျက်ကွက်မဲများ

- သင်သည် စာတိုက်မှတစ်ဆင့် ပျက်ကွက်မဲပေးရန် တောင်းဆိုခဲ့ပါသလား။
    - တောင်းဆိုခဲ့ပါသည်
        - ၎င်းကို ဤနေရာတွင် လေ့လာပါ- https://www.ohiosos.gov/elections/voters/toolkit/ballot-tracking/
    - မတောင်းဆိုခဲ့ပါ
        - သင်သည် စာတိုက်မှတစ်ဆင့် ပျက်ကွဲမဲပေးရန် တောင်းဆိုချင်ပါက ထိုသို့ပြုလုပ်ရန် အချိန်ရှိနိုင်ပါသေးသည်။
            - နောက်ဆုံးအချိန်- စနေနေ့၊ အောက်တိုဘာလ 31 ရက်
                - အကြံပြုချက်။ အောက်တိုဘာလ 23 ရက်၊ သောကြာနေ့တွင် သင်၏ VBM/ပျက်ကွက်မဲကို တောင်းဆိုမှသာ ၎င်းကိုရရှိရန်နှင့် စာတိုက်မှပြန်ပို့ရန် အချိန်ရနိုင်ပါမည်။
            - သင်သည် အိုဟိုင်းယိုးပြည်နယ်တွင် စာရင်းသွင်းထားသော မဲပေးသူ ဖြစ်ရမည်။
            - ပျက်ကွက်မဲ လျှောက်နည်း-
                - ဤနေရာတွင် ဒေါင်းလုဒ်လုပ်၍ ပရင့်ထုတ်ပြီး ဖောင်ပုံစံတွင် ဖြည့်စွက်ပါ- https://www.ohiosos.gov/elections/voters/how-to-request-your-absentee-ballot/
                - တောင်းဆိုလွှာ ဖောင်ပုံစံကို သင့်ဒေသရှိ ရွေးကောက်ပွဲဆိုင်ရာ ကောင်တီဘုတ်အဖွဲ့ထံ စာတိုက်မှပေးပို့ပါ။ https://www.ohiosos.gov/boards တွင် ဘုတ်အဖွဲ့ထံ စာတိုက်မှပို့ရန် စာတိုက်လိပ်စာများကို ရရှိနိုင်ပါသည်။

    - သင်၏ ရွေးကောက်ပွဲဆိုင်ရာ ကောင်တီဘုတ်အဖွဲ့မှ စာတိုက်မှတစ်ဆင့်ပို့သော သင့်ပျက်ကွက်မဲကို ရယူရန် စောင့်ပါ။ သင်၏ ပျက်ကွက်မဲ တောင်းဆိုခြင်းနှင့် ပတ်သက်၍ မေးခွန်းများ မေးလိုပါက သင်၏ ရွေးကောက်ပွဲဆိုင်ရာ ကောင်တီဘုတ်အဖွဲ့ထံ ဆက်သွယ်သင့်ပါသည်။

- ကျွန်ုပ်၏ VBM/ပျက်ကွက်မဲ တောင်းခံခြင်း ပြီးမြောက်စေရန် ဘာတွေရန် လိုအပ်ပါသလဲ။
  - အိုဟိုင်းယိုးပြည်နယ် ယာဉ်မောင်းလိုင်စင်
  - လူမှုလုံခြုံရေး လိုင်စင်

- ကျွန်ုပ်၏ စာတိုက်မှပို့သော ပျက်ကွက်မဲကို ဘယ်လိုပြန်ပေးနိုင်ပါသလဲ။
  - VBM/ပျက်ကွက်မဲနှင့်အတူ ညွှန်ကြားချက်များ ပါရှိပါသည်။ ၎င်းတို့ကို အပြည့်အဝ ဂရုတစိုက် လိုက်နာပါ။
  - သင်၏ စာတိုက်မှပို့သော ပျက်ကွက်မဲကို ပို့ချင်ပါက သင်၏ ရွေးကောက်ပွဲဆိုင်ရာ ကောင်တီဘုတ်အဖွဲ့ထံသို့ ရွေးကောက်ပွဲနေ့ (အင်္ဂါနေ့၊ နိုဝင်ဘာလ 3) ရက်တွင် ည 7:30 ထက် နောက်မကျဘဲ လူကိုယ်တိုင် ပေးပို့ပါ။
  - သင့်ပျက်ကွက်မဲကို စာတိုက်မှတစ်ဆင့် ပြန်လည်ပေးပို့ရန် အမေရိကန်ပြည်ထောင်စု စာပို့ဝန်ဆောင်မှု (USPS) ကို အသုံးပြုရန် စီစဉ်ပါက
    - သင့်ပျက်ကွက်မဲကို စာတိုက်မှတစ်ဆင့် ပြန်ပေးပါက ရွေးကောက်ပွဲနေ့ မတိုင်မီ တစ်ရက်ထက် နောက်မကျစေဘဲ ၎င်းတွင် စာတိုက်တံဆိပ် ပါရှိရမည်ဖြစ်ပြီး သင်၏ ရွေးကောက်ပွဲဆိုင်ရာ ကောင်တီဘုတ်အဖွဲ့က ရွေးကောက်ပွဲပြီးနောက် 10 ရက်ထက် နောက်မကျဘဲ ၎င်းကို ရရှိရမည်ဖြစ်သည်။ ပြည်နယ်ဥပဒေအရ စာတိုက်တံဆိပ်တွင် စာပို့ခရိုက်နှိပ်စက်ကဲ့သို့ စာပို့ခြင်း သက်သေစနစ်က အမှတ်အသားပြုသော ရက်စွဲ မပါဝင်ပါ။ သင်၏ မဲပေးထားသော ပျက်ကွက်မဲကို သင်၏ ရွေးကောက်ပွဲဘုတ်အဖွဲ့ထံ စာတိုက်မှတစ်ဆင့် ပေးပို့ရာတွင် နှစ်ရက်မှ ငါးရက်အထိ ကြာနိုင်ကြောင်း USPS က ခန့်မှန်းပါသည်။
    - သင်သည် ရွေးကောက်ပွဲနေ့ မတိုင်မီ ရက်သတ္တပတ် အတောအတွင်း သင်၏ မဲပေးထားသော ပျက်ကွက်မဲကို စာတိုက်မှတစ်ဆင့် ပြန်ပေးမည်ဆိုပါက ရွေးကောက်ပွဲနေ့ မတိုင်မီ တစ်ရက်အလိုတွင် ၎င်းကို USPS ထံသို့ ယူသွားသင့်ပြီး ၎င်းတွင် အောက်ပါတို့အတိုင်း စာတိုက်တံဆိပ် ပါရှိကြောင်း သေချာအောင် ပြုလုပ်သင့်သည်။
      - သင်သည် USPS သုံးစွဲသူ ဝန်ဆောင်မှု စနစ် သို့မဟုတ် အရောင်းစက်မှ ဝယ်ယူထားသော စာပို့အညွှန်းကို အသုံးပြုပါက အညွှန်းပေါ်ရှိ ရက်စွဲသည် စာတိုက်တံဆိပ်ဖြစ်သည်။ ၎င်းသည် သင့်ပျက်ကွက်မဲကို စာတိုက်တံဆိပ် ရိုက်နှိပ်ရန် USPS က အကြံပြုထားသော နည်းဖြစ်သည်။
      - သင်သည် တံဆိပ်ခေါင်းများကို အသုံးပြုပါက ၎င်းတွင် စာတိုက်တံဆိပ် ရိုက်နှိပ်ခိုင်းပါ။
      - အကြံပြုချက်- စောစီးစွာ ပြုလုပ်ပါ။ နောက်အကျဆုံးအနေဖြင့် ရွေးကောက်ပွဲနေ့မတိုင်မီ အနည်းဆုံး တစ်ပတ်ကြိုတင်၍ ၎င်းကို ပြန်ပို့ပါ။
  - သင်သည် စာတိုက်မှတစ်ဆင့် မဲပေးရန် ပျက်ကွက်မဲကို မရရှိပါက သို့မဟုတ် ၎င်းကို အချိန်မီမရရှိပါက လုပ်ဆောင်ရန် အစီအစဉ်တစ်ခု ဖန်တီးပါ။
  - သင်၏ VBM/ပျက်ကွက်မဲကို စာတိုက်မှတစ်ဆင့် ပြန်မပို့ဘဲ ရွေးကောက်ပွဲနေ့တွင် သင်၏ မဲပေးရမည့် နေရာသို့ သွားရန် ဆုံးဖြတ်လိုက်ပါက သင်သည် ယာယီမဲသာ ပေးရမည်ဖြစ်သည်။

# လူကိုယ်တိုင် မဲပေးခြင်း

- သင်သည် စောစီးစွာ မဲပေးချင်ပါက-
  - အောက်တိုဘာလ 6 ရက်၊ အင်္ဂါနေ့မှ စတင်၍ စာရင်းသွင်းထားသော မဲပေးသူများသည် အိုဟိုင်းယိုးပြည်နယ်တွင် စောစီးစွာ မဲပေးနိုင်ပါသည်။ စောစီးစွာ မဲပေးခြင်းသည် နိုဝင်ဘာလ 2 ရက်၊ တနင်္လာနေ့ နေ့လယ် 2 နာရီတွင် ပြီးဆုံးပါမည်။
  - တည်နေရာများ- https://www.ohiosos.gov/elections/voters/toolkit/early-voting

- သင်သည် ရွေးကောက်ပွဲနေ့တွင် မဲပေးရန် စီစဉ်ထားပါက-
  - သင်မဲပေးရမည့် နေရာကို ရှာဖွေပါ- https://www.ohiosos.gov/elections/voters/toolkit/polling-location/
  - အချိန်များ- မနက် 6:30 မှ ည 7:30 အထိ။
  - တန်းစီပါ။ သင်သည် ည 7:30 တွင် မဲရုံသို့ရောက်ရှိပါက သင့်အား မဲပေးခွင့်ပြုပါသည်။

- မဲပေးသူ၏ အိုင်ဒီကတ်- အိုဟိုင်းယိုးပြည်နယ်တွင် မဲပေးရန် အိုင်ဒီကတ် လိုအပ်သည်။ အကျုံးဝင်သော အိုင်ဒီကတ် ပုံစံများတွင် ပါဝင်သည်မှာ-
  - သက်တမ်းမကုန်သေးသော အိုဟိုင်းယိုးပြည်နယ် ယာဉ်မောင်းလိုင်စင် သို့မဟုတ် မဲပေးသူ၏ လက်ရှိနေရပ်လိပ်စာကို ထိုဒေသအတွက် စာရင်းသွင်းထားသော မဲပေးသူများ၏ တရားဝင်စာရင်းတွင် ပုံနှိပ်ဖော်ပြထားသရွေ့ လက်ရှိ သို့မဟုတ် ယခင်လိပ်စာပါသည့် ပြည်နယ် သက်သေခံကတ်၊
  - စစ်ဘက်ဆိုင်ရာ သက်သေအထောက်အထားတစ်ခု၊
  - အမေရိကန် ပြည်ထောင်စု အစိုးရ သို့မဟုတ် အိုဟိုင်းယိုးပြည်နယ်မှ ထုတ်ပြန်ထားပြီး မဲပေးသူ၏ အမည်နှင့် လက်ရှိလိပ်စာနှင့် မကုန်သေးသော သက်တမ်းကုန်ရက်စွဲ ပါရှိသည့် ဓာတ်ပုံသက်သေခံ အထောက်အထားတစ်ခု၊
  - မဲပေးသူ၏ အမည်နှင့် လက်ရှိလိပ်စာ ပါရှိသည့် လက်ရှိ ရေမီးသုံးစွဲမှုဆိုင်ရာ စာရွက်စာတမ်း မူရင်း သို့မဟုတ် မိတ္တူ။
  - မဲပေးသူ၏ အမည်နှင့် လက်ရှိလိပ်စာ ပါရှိသည့် လက်ရှိ ဘဏ်ငွေစာရင်း မူရင်း သို့မဟုတ် မိတ္တူ။
  - မဲပေးသူ၏ အမည်နှင့် လက်ရှိလိပ်စာ ပါရှိသည့် အစိုးရမှ ထုတ်ပေးသည့် လက်ရှိ ချက်လက်မှတ် မူရင်း သို့မဟုတ် မိတ္တူ။
  - မဲပေးသူ၏ အမည်နှင့် လက်ရှိလိပ်စာ ပါရှိသည့် လက်ရှိ လစာချက်လက်မှတ် မူရင်း သို့မဟုတ် မိတ္တူ၊ သို့မဟုတ်
  - (ရွေးကောက်ပွဲ ဘုတ်အဖွဲ့မှ စာတိုက်မှတစ်ဆင့် ပေးပို့သော မဲပေးသူ စာရင်းသွင်းခြင်းဆိုင်ရာ အသိပေးစာတစ်စောင်အပြင်) မဲပေးသူ၏ အမည်နှင့် လက်ရှိလိပ်စာ ပါရှိသည့် လက်ရှိ အစိုးရ စာရွက်စာတမ်း မူရင်း သို့မဟုတ် မိတ္တူ။

လက်ရှိ အိုင်ဒီကတ်သည် လွန်ခဲ့သော 12 လမှစ၍ အထက်ပါ အမျိုးအစားတစ်ခုခုဖြစ်ရမည်။

သင်သည် ခွင့်ပြုထားသော အိုင်ဒီကတ်အမျိုးအစားမရှိဘဲ သင်၏ မဲပေးရမည့် နေရာသို့ သွားပါက သင်၏ အိုဟိုင်းယိုးပြည်နယ် ယာဉ်မောင်းလိုင်စင် သို့မဟုတ် ပြည်နယ်သက်သေခံ နံပါတ် (၎င်းသည် စာလုံးနှစ်လုံးဖြင့်စပြီး နောက်တွင် နံပါတ်ခြောက်ခုပါသည်) သို့မဟုတ် သင့် လူမှုလုံခြုံရေး နံပါတ်၏ နောက်ဆုံးဂဏန်းလေးလုံးကို ပေးပြီး ယာယီမဲ ထည့်ရနိုင်သည်။ အချက်အလက်များကို ရွေးကောက်ပွဲဘုတ်အဖွဲ့က စစ်ဆေးသုံးသပ်ပြီး အတည်ပြုပြီးသည်နှင့် သင့်မဲကို ရေတွက်ပါမည်။

သင်သည် အထက်တွင် ဖော်ပြထားသော စာရွက်စာတမ်းများ သို့မဟုတ် အချက်အလက်များကို မပေးပါက ယာယီမဲသာ ထည့်နိုင်ဦးမည်ဖြစ်သည်။ သို့ရာတွင် ထိုမဲကို ရေတွက်သည့်အထဲ ပါစေရန်အလို့ငှာ ပြီးပြည့်စုံသည့် သက်သေခံ အထောက်အထားများပေးရန် သင်သည် ရွေးကောက်ပွဲနေ့နောက်ပိုင်း ခုနစ်ရက်ထက် ပိုနောက်မကျစေဘဲ ရွေးကောက်ပွဲဘုတ်အဖွဲ့ထံ ပြန်သွားရပါမည်။

- သင့်အခွင့်အရေးများကို သိရှိပါ- ယာယီမဲများ
  - ရွေးကောက်ပွဲနေ့ မတိုင်မီ- သင်သည် အိုဟိုင်းယိုးပြည်နယ် စီရင်စုတစ်ခုနေရာမှ အခြားနေရာသို့ ပြောင်းရွှေ့သွားပြီး သင့်လိပ်စာ ပြောင်းလဲမှုကို ပို့ရန် သတ်မှတ်ထားသည့် နောက်ဆုံးရက်မတိုင်မီ (ရွေးကောက်ပွဲမတိုင်မီ ရက် 30) သင်၏ မဲပေးသူ စာရင်းသွင်းခြင်းဆိုင်ရာ အချက်အလက်များကို မွမ်းမံပြင်ဆင်ခြင်း မပြုခဲ့ပါက သင်သည် ရွေးကောက်ပွဲ ဘုတ်အဖွဲ့ရုံးတွင် သို့မဟုတ် ရွေးကောက်ပွဲ ဘုတ်အဖွဲ့က ထိုရည်ရွယ်ချက်အတွက် သတ်မှတ်ထားသော နေရာတွင် ရွေးကောက်ပွဲ မကျင်းပမီ 28 ရက်မှ စတင်ပြီး လူကိုယ်တိုင် သွားရောက်၍ ယာယီမဲထည့်နိုင်ပါသည်။
  - ရွေးကောက်ပွဲနေ့တွင်- သင်၏ လက်ရှိ နေရပ်လိပ်စာပေါ် အခြေခံ၍ သတ်မှတ်ထားသော မဲပေးရမည့် နေရာတွင် သို့မဟုတ် သင်သည် အိုဟိုင်းယိုးပြည်နယ် စီရင်စုတစ်ခုနေရာမှ အခြားနေရာသို့ ပြောင်းရွှေ့သွားပြီး သင့်လိပ်စာ ပြောင်းလဲမှုကို ပို့ရန်

သတ်မှတ်ထားသည့် နောက်ဆုံးရက်မတိုင်မီ (ရွေးကောက်ပွဲမတိုင်မီ ရက် 30) သင်၏ မဲပေးသူ စာရင်းသွင်းခြင်းဆိုင်ရာ အချက်အလက်များကို မွမ်းမံပြင်ဆင်ခြင်း မပြုခဲ့ပါက ရွေးကောက်ပွဲ ဘုတ်အဖွဲ့ရုံးသို့ လူကိုယ်တိုင် လာရောက်၍ သင့်ယာယီမဲကို ထည့်နိုင်ပါသည်။

## ဘာသာစကား အကူအညီ

သင်သည် မဲပေးစဉ်အတွင်း ဘာသာစကား အကူအညီ ရယူပိုင်ခွင့်ရှိသည်။

- မဲပေးခြင်းဆိုင်ရာ အခွင့်အရေးများ အက်ဥပဒေ၏ အပိုင်း 208 အရ သင်သည် *သင့်ကိုယ်ပိုင် စကားပြန်/သို့မဟုတ် ဘာသာပြန်သူကို ၎င်းတို့သည် သင့်အလုပ်ရှင် သို့မဟုတ် သင့်အဖွဲ့ကိုယ်စားလှယ် မဟုတ်သရွေ့ မဲရုံသို့ ခေါ်လာနိုင်ပါသည်။*
  - **အကြံပြုချက်- သင်သည် ဘာသာစကား အကူအညီ လိုအပ်ပါက အကူအညီတောင်းပြီး ကူညီချင်သည့်သူကို ရှာဖွေပါ။**
- နောက်ထပ် ဘာသာစကား အကူအညီ လိုအပ်ချက်များအတွက် သင့်ပြည်နယ်နှင့် ဥပဒေများကို စစ်ဆေးလေ့လာပါ။

***နောက်ထပ် အချက်အလက်များအတွက် အောက်ပါတို့တွင် သွားရောက်လေ့လာပါ-***
https://www.ohiosos.gov/elections/voters/
www.advancingjustice-aajc.org/election2020

**မဲပေးခြင်းနှင့် ပတ်သက်၍ သင့်တွင် မေးလိုသည်များ ရှိပါက မေးခွန်းများ မည်မျှပင် ကြီးကျယ်သည်ဖြစ်စေ အသေးအဖွဲပင်ဖြစ်စေ၊**
1-888-API-VOTE (1-888-274-8683) မှတစ်ဆင့်

အင်္ဂလိပ်ဘာသာ၊ မန်ဒရင်းဘာသာ (**普通話**)၊ ကန်တုံဘာသာ (**廣東話**)၊ ကိုရီးယားဘာသာ (한국어)၊ ဗီယက်နမ်ဘာသာ (tiếng Việt)၊ တဂါးလော့ဘာသာ၊ အူရဒူဘာသာ (اردو)၊ ဟင်ဒီဘာသာ (हिंदी၊ နှင့် ဘင်္ဂါလီဘာသာ/ဘင်္ဂလားဘာသာ (বাংলা) တို့ဖြင့် ကျွန်ုပ်တို့ထံ ဆက်သွယ်နိုင်ပါသည်။ ရွေးကောက်ပွဲနေ့အထိ၊ ရွေးကောက်ပွဲနေ့နှင့် ထိုနေ့နောက်ပိုင်းတွင် ကျွန်ုပ်တို့က အကူအညီများ ပေးနိုင်ပါသည်။